# မေပိုကြညာ

## မောင်ပျိုးတဲ့အရိုင်းပန်း



Part-(1)

မနက်မိုးလင်းပြီဆိုတာနဲ့ ထုံးစံ မပျက် သူမရဲ့ ပန်းဆိုင်လေးကို ရောက်လာတဲ့သူ

"မင်းဒီကို ဘာလာလုပ်တာလည်း သက္ကရာဇ်စျာန် ဒီနေရာက မင်းကိုမကြိုဆိုဘူး ထွက်သွားပေးပါ"

"မမရယ် အရင်လို မောင်လို့ခေါ်ပါ မောင့်နာမည်က ရှည်တယ်လေ မမမောနေမှာဆိုးလို့ပါ ဒါနဲ့သားသားကရော ဘယ်သွားလည်း အရင်ဒီအချိန်ဆိုသားရှိပါတယ်"

"သားသား ဘယ်သွားသလည်းက မင်းနဲ့ဘာဆိုင်လည်း ထွက်သွားပေးပါ လွန်းက မင်းတို့လို အလုပ်မလုပ်ပဲ ထိုင်စားလို့ရတဲ့ အခြေအနေမဟုတ်ဘူး မင်းရှိနေတာ အနှောင့်အယှက် ဖြစ်တယ်"

သူပြောတာကို တစ်လုံးမကျန်ဆန့်ကျင်

ဘက်တွေသာ ပြောနေပေမဲ့ အပြစ်မမြင်ရက်ပါ တင်ပါးအောက်ထိ ဝဲကျနေတဲ့

ဆံနွယ်တွေကို တစ်ချိန်တုန်းက မညှာမတာ ညှပ်ပစ်ခဲ့ဖူးသည်။

အမြဲလိုလို သနပ်ခါးပါးပါးလေးသာ လိမ်းတတ်ပြီးမြန်မာဝတ်စုံလေး

တွေကိုသာ ဝတ်ဆင်တတ်တဲ့ သူ့ရဲ့ချစ်ဇနီး မိုးမခလွန်း

"မင်း ဒီအတိုင်းပဲ ထိုင်နေတော့မှာလား ပြန်ပါတော့ ငါတောင်းပန်တာပါ"

"မပြန်ဘူးမမ သားနဲ့တွေ့ပြီးမှ ပြန်မယ်"

"ကျွတ် ... မင်းတကယ် ပြောရခက်တဲ့လူပဲ"

သူနဲ့ပြောနေရတာကို စိတ်မရှည်ဟန် ကျွတ်သပ်ပြီး ပြောနေတဲ့မမ

"မောင်ပြောရ ခက်လား မခက်လား မမအသိဆုံးပါ"

"ကဲပါဗျာ မောင့်ကို အာရုံထားမနေနဲ့ မမလုပ်စရာရှိတဲ့ အလုပ်ကိုသာ လုပ်ပါ သားနဲ့တွေ့ပြီးရင် ပြန်မှာပါ"

အာရုံမထားလို့မရ တစ်ချိန်လုံး အနောက်ကလိုက်ပြီး

ကြည့်နေတော့ အလုပ် လုပ်ရတာတောင် နောက်ကျောမလုံချင်

ဆိုင်က ဝန်ထမ်းမလေးတွေနဲ့ မုန့်စားပါသွားတဲ့

သားကလည်း ဒီနေ့မှ ပိုကြာနေသလား ထင်မိတယ်

မောင်ဆိုတဲ့ စကားကိုသာ ထပ်ခါတလဲလဲ ပြောနေတဲ့သူ

တစ်ချိန်က သူသုံးခဲ့ဘူးတဲ့ မောင်ဆိုတဲ့ နာမ်စားလေးက နှုတ်ဖျားက

ထပ်ပြီး မသုံးချင်တော့လောက်အောင် ခါးသက်လွန်းပါတယ်

... အတိတ်ဆီသို့

မြူးကြွနေတဲ့ ဒီဂျေသံတွေ ကြားက ခုန်နေတဲ့ လူငယ်တစ်စုနဲ့

ဆန့်ကျင်စွာ ခေါင်းငိုက်စိုက်ကျကာ အရက်ပုလင်းတွေကိုသာ

အဖော်ပြုနေသူ တစ်ယောက်

"ဈာန် ... မင်းစိတ်ကို ဖြေပါကွာ"

သူငယ်ချင်းဆိုတာထက် ညီအစ်ကိုလိုနေခဲ့တဲ့ လူက နေ့ချင်းညချင်း

သေသွားခဲ့တာလေ ဘယ်စိတ်နဲ့ ဖြေနိုင်မှာလည်း

"ဘယ်သူလည်း ဘယ်သူက သူ့ကို အခုလိုဖြစ်အောင် လုပ်တာလည်း"

သူပြောလိုက်တဲ့ စကားကို ဆန့်ကျင်ဘက် ပြောလိုက်တာမို့ ကြောင်သွားရသည်။

"ဘာကို မေးတာလည်း ဈာန်"

"Dရဲ့ သေရတဲ့ အကြောင်းအရင်းက ဘာလည်း ကျန်းမာရေးလည်း ကောင်းတဲ့ လူက

နေ့ချင်းညချင်း ဘယ်လို ဖြစ်ရတာလည်း"

"မိန်းမ တစ်ယောက်ကြောင့်ပါ အသည်းစား ဘုရင်မပေါ့"

"ဟက် ... Dရဲ့လိုလူမျိုးတောင် အသက်ပေးသွားတယ် ဆိုတော့ အဲဒီမိန်းမ နည်းနည်းတော့ စိတ်ဝင်စားဖို့ ကောင်းသွားပြီ ရှင်းငါ့ကိုပြောပြ ငါနိုင်ငံခြား ထွက်သွားတော့ ဘာတွေ ဖြစ်ခဲ့တာလည်းပြော"

"အဲဒီ မိန်းမနာမည်က မိုးမခလွန်းတဲ့ မိဘတွေ မရှိကျဘူး ဆိုင်တစ်ဆိုင်ဖွင့်ထားတယ် ပန်းစည်း အပါအဝင် တခြား လက်ဆောင် ပစ္စည်းဆိုင်လေးပေါ့ "

"အဲဒီတော့ Dရဲ့နဲ့ ဘယ်လိုတွေ့ကျလည်း"

"အန်တီ မွေးနေ့အတွက် ပန်းစည်းမှာတာ အဲဒီမှာ စတွေ့တာ သူနေ့တိုင်း အဲဒီဆိုင်ကို သွားတယ် ဒါပေမဲ့ အဲဒီမိန်းမကသူ့ကို လိုတာထက် ပိုအရေးမပေးခဲ့ဘူး နောက်ပိုင်း ဘယ်လိုတွေ ဆက်ဖြစ်လည်း ငါတို့လည်း မသိဘူး တစ်နေ့ကျ ငါတို့ဆီ ဖုန်းဆက်ပြီး clubမှာ အတူသောက်ပေးဖို့ ခေါ်တယ် ငါတို့ကိုလည်း အဲဒီမိန်းမဆီက သူအငြင်းခံရတယ်လို့ ပြောတယ် အဲဒီက အပြန်ကားမှောက်ပြီးဆုံးတာ"

"အဲဒီမိန်းမသာ မငြင်းခဲ့ရင် Dရဲ့အခုလို ဖြစ်သွားစရာ အကြောင်းမရှိဘူး"

အံကြိတ်ထားရင်း ပြောနေတဲ့ ဈာန်ရဲ့ မျက်လုံးထဲမှာ နာကျည်းတဲ့

အရိပ်အယောင်တွေ တွေ့နေရတာမို့

"ဒါပေမဲ့ မမလွန်းက အေးဆေးပြီး တည်ငြိမ်တဲ့ မိန်းမ တစ်ယောက်ပါ"

"ဟက် ... မင်းတို့က သူငယ်ချင်းဘက်က မဟုတ်ပဲ အဲဒီ မိန်းမဘက်က လား"

"မဟုတ်ဘူး ဈာန် မင်းဘာလုပ်မလည်း ငါခန့်မှန်းမိနေလို့ ကြိုတားတဲ့ သဘောပါ"

"မတားနဲ့ရှိုင်း Dရဲခံစားရသလို သူလည်း ပြန်ခံစားရမှ ကျေနပ်နိုင်မယ် ရှိုင်း ... မင်းခ ... မနက်ကျရင် ငါ့ကို သူ့ဆိုင်ကို လိုက်ပို့ပေးပါ"

"အင်းပါကွာ ... ပြောမရတော့လည်း လိုက်ပို့ရမှာပေါ့"

ဈာန်ရဲ့စိတ်ဓာတ်ကို သိနေသူမို့ မမလွန်းအတွက် စိတ်ပူမိတယ်

ဘာလို့ဆို သူကလည်း မမလွန်းကို ချစ်နေမိတာ မဟုတ်လား

"ဩော် ... ဒါနဲ့ ဘေဘီရော ပါမလာဘူးလား"

သူပြောလိုက်မှ မျက်စိထဲ မြင်လာတာက သူ့ရဲ့ချစ်သူ

ဘေဘီကြွေဆိုတဲ့ မိန်းကလေး

"အင်း ... သူ့အမေ နေမကောင်းလို့ လိုက်မလာသေးဘူး"

"မင်းအခုလုပ်မဲ့ ကိစ္စကို ဘေဘီသိရင် လက်ခံမယ် မထင်ဘူးနော်"

"သူနားလည်မှာပဲ နားမလည်လည်း မတတ်နိုင်ဘူးရှိုင်း ငါကတော့ လုပ်စရာရှိတာ ဆက်လုပ်ရမှာပဲ"

"ပြောမရလည်း လုပ်ကွာ ... ပြီးရင်တော့ နောင်တမရနဲ့ ဈာန် မမလွန်းက မင်းထင်နေသလို မိန်းမ မဟုတ်တာ အမှန်ပါ"

"ဟက် ... အေးအေးလေးနဲ့ အဆိပ်ပျင်းတဲ့ မြွေပွေးလို မိန်းမလား

ဟား"

သူ့ဘက်က အတည် ပြောလိုက်ပေမဲ့ သူ့စကားကို ဟာသတစ်ခု လုပ်ပစ်လိုက်တဲ့ ဈာန်ကို ကြည့်ပြီး ခေါင်းခါ ယုံမှအပ ဘာမှမတတ်နိုင်

***

"ထားရေ မမအနောက်မှာ ပန်းချူးနေမယ်နော် တစ်ခုခုလို မမကို ခေါ်လိုက်နော်"

"ပန်းချူးဖို့က ခြူးနဲ့ဇူးသွားပြီမမ"

"အမ် ... ဟုတ်လား ကြည့်ရတာ ဒီနေ့ မမအိပ်ရာထတာ နောက်ကျသွားပြီ ထင်တယ်"

"မကျပါဘူး မမရယ် အဲဒီခြူးမက အစောကြီးထနေတာ

ဒီနေ့ ပန်းစည်း အော်ဒါများတယ်ဆိုပြီး သွားပါလေရော

ဪ ဒါနဲ့မမ ညကအိပ်တာ နောက်ကျတယ်နော်"

"အင်း ... မမဆိုင် အသုံးစရိတ် ပြန်တွက်နေတာလေ လကုန်ခါနီးပြီ မဟုတ်လား ထားရယ် ခြူးရယ်ဇူးရယ်ကို လစာပေးရမယ်လေ"

"အာ ... မမကလည်း ထားတို့က ဒီမှာနေပြီး ဒီမှာပဲ စားနေတဲ့ လူတွေလည်း ဘယ်အချိန် ပေးပေးပါမမကလည်း"

"အဲဒီလိုလည်း မဟုတ်ဘူးလေ ထားရယ် ဒီမှာပဲ အတူတူစုပြီး နေကျပေမဲ့လည်း ထားတို့လည်း အသုံးလိုတဲ့ အချိန်ရောက်မှ မမဆီက တောင်းနေရတာ အဆင်မပြေဘူးလေ အာ့ကြောင့် မမက ပေးထားတာပါ"

"မမသဘောပါ ... ထားဘာမှ မပြောတော့ဘူးနော် ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါရှင် ... အဲဒါဆို မမ မုန့်သွားဝယ်ထားလိုက်မယ် ဟို၂ယောက် ပြန်လာရင် အဆင်သင့် ဖြစ်အောင်ပေါ့"

"ဟုတ်မမ ဆိုင်က ထားရှိတယ်"

"အင်းပါ"

အမြဲတမ်း အေးအေးဆေးဆေး နေတတ်တဲ့မမ အေးချမ်းလွန်းတဲ့ အပြုံးပိုင်ရှင် သူတို့တွေက

တစ်အိမ်ထဲမှာ စုပြီးနေကျတာပါ

အိမ်ကတော်တော် ကျယ်တာမို့ အောက်ထပ်ကို ဆိုင်ခန်းအဖြစ် အသုံးပြုပြီး

အပေါ်မှာတော့ သူတို့ တွေ့နေကြသည်။

အိမ်ရဲ့အနောက်က ခြံအကျယ်ကြီးမှာလည်း ပန်းမျိုးစုံ

စိုက်ထားတာမို့ ဆိုင်အတွက် အဆင်ပြေသည်။

"အဲဒီ မိန်းမလား ရှိုင်း ... "

ဆိုင်ထဲက ထွက်လာတဲ့ မိန်းမတစ်ယောက်ကို မြင်လို့မေးလိုက်ခြင်းပါ

လှတာတော့ တော်တော်လှပါသည် ရိုးရိုးလေးနဲ့ လှတာ။

ဒါပေမဲ့ သူမ အလှက သူ့ရင်ထဲမတိုးတော့

"အင်း ... ဟုတ်တယ်"

"ဟက် ... မဆိုးပါဘူး Dရဲ ကြွေမယ်ဆို ကြွေလောက်ပါတယ်"

"မင်းဒီကိုလာတာ သူ့အလှကို ချီးကျူးဖို့တော့ မဟုတ်ဘူးမလား"

"ဒါပေါ့ ... သူ့အလှကို ချီးကျူးဖို့ ငါဒီနေရာကို တကူးတက လာခဲ့တာမဟုတ်ဘူးလေ

စောင့်ကြည့်ပါ ငါရွှေ့မယ့်အကွက် တွေကို"

သူတို့၂ယောက်ကို ပြောရင်းကားထဲက ထွက်သွားပြီး ဆိုင်ဘက်

ကိုဦးတည်ပြီးသွားနေပြီ

***

"မမ … မြန်မြန်လာဆိုင်မှာ လူတစ်ယောက် ပြဿနာ ရှာနေလို့"

ဆိုတဲ့ ဖုန်းကို လက်ခံပြီးနောက် ဆိုင်ကို ချက်ချင်း ပြေးလာခဲ့ရသည်။

"ထား … ဘယ်လိုဖြစ်တာလည်း"

"အဲဒီလူလေ မမ မမကိုယ်တိုင် လုပ်ထားတဲ့ Handmade ပစ္စည်းလေးကို ဝယ်တယ် မှာထားတဲ့လူ ရှိတယ်လို့ ပြောတော့ ကျကွဲအောင် လုပ်တယ်မမ"

ထားပြတဲ့ နေရာကို ကြည့်လိုက်တော့ ဆိုဖာကိုမှီပြီး ထိုင်နေတဲ့ လူငယ်တစ်ယောက်

"ရတယ် … မမကြည့်ရှင်းလိုက်မယ် အဲဒီပစ္စည်းကို မှာထားတဲ့ လူကို မနက်ဖြန်မှ လာယူဖို့သာ ဖုန်းဆက်ပေးထား"

"ဟုတ်မမ … အဲဒါဆို ထားအခုပဲ ဖုန်းဆက်လိုက်မယ်"

"အင်း … "

"ညှော့သည် … "

သူ့ဆိုင်က ကောင်မလေးကို ဘာတွေ ညွှန်ကြားနေလည်းမသိ ခဏလောက် ကြာမှ သူ့အနားရောက်လာသည်။

"ပြော … "

"ညှော့သည်ကြောင့် ကျကွဲသွားတဲ့ ပစ္စည်းက … "

"သက္ကရာဇ်စျာန် … "

"ရှင် … "

"ညည့်သည် မဟုတ်ဘူး အဲဒါကမှ ကျနော့်နာမည်"

"ဩော် ... ဟုတ်ကဲ့ လွန်းက ဘာရယ်မဟုတ်ပါဘူး ကိုယ်ဆိုင်ကိုလာတဲ့ သူမို့ လေးစားသမှုနဲ့ ခေါ်လိုက်တာပါ"

"အဲဒါ ခင်များအပိုင်း ... ကျနော်ကတော့ နာမည်ပြောထားပြီ"

"ဆက်ပြော ... ခုနကစကားကို"

စကားပြောတာကအစ ကန့်လန့်တိုက်လွန်းတဲ့ လူငယ်ကြောင့်

စိတ်ပျက် သွားမိတာအမှန် ...

"အဲဒီပစ္စည်းက မင်းကြောင့် ကျကွဲတယ်လို့ ပြောတယ်"

"အဲဒီတော့ ... ခင်များက အလျော်လိုချင်တာလား ... ဘယ်လောက်ပေးရမလည်း"

"အလျော်လိုချင်လို့ မဟုတ်ပါဘူး ... နောက်တစ်ခါ ဂရုစိုက်ဖို့ ပြောချင်တာပါ အခုတော့ဆိုင်က ထွက်သွားလို့ ရပါပြီ. ... "

ဟက် ... သူ့ကို ပညာသားပါပါ နှင်ထုတ်လိုက်တာပေါ့

"သွားမှာပါ ... ဒါပေမဲ့ မသွားခင် တစ်ခုလောက်တော့ ပြောချင်တယ်"

"ဒီဆိုင်လေးမှာ စိတ်ဝင်စားဖို့ကောင်းတဲ့ အရာတစ်ခု တွေ့ထားတယ်"

***

Part-(2)

"စျာန် ... အဲဒီတော့ မင်းမမက မင်းကို ပါးချ မလွှတ်လိုက်ဘူးလား"

"ဖွီ ... ရှုံ့တာ ဘာင့်ါမမလည်း မင်းစကားကို ပြန်ပြင်လိုက်ပါ

အဲ့လို မိန်းမကို အကြောင်းရှိလို့ ပတ်သက်နေတယ်ဆိုတာ

မင်းတို့လည်း သိပါတယ်"

ကားထဲ ပြန်ရောက်ရောက်ချင်းပဲ ဆိုင်ထဲမှာဖြစ်ခဲ့တဲ့ ကိစ္စကိုပြန်ပြီး

ပြောပြနေကာ အော်ရယ်နေတဲ့ စျာန်ကို ပထမဆုံးအကြိမ်

စိတ်ပျက်မိတယ်

"စျာန် ... မင်းလုပ်ရပ်တွေ မှားနေပြီလို့ ငါထင်တယ်"

"ဟက် ... ရှိုင်း မင်းလည်း Dရဲရဲ့ သူငယ်ချင်းပါ ကိုယ့်သူငယ်ချင်းကို ဒီလို အဖြစ်ဆိုးမျိုးနဲ့ ကြုံစေခဲ့တဲ့ မိန်းမကို

နည်းနည်းလေးတောင် စိတ်မနာဘူးလား"

"ဒါပေမဲ့ အခုဖြစ်တဲ့ ကိစ္စက မမလွှန်းနဲ့ မဆိုင်ဘူးလေ

သူ့ဘာသာ အမူးလွန်ပြီး ဖြစ်တာ ... "

"သူဘယ်တုန်းက သောက်ဖူးလည်း

မင်းတို့နဲ့

ခင်လာတဲ့ တစ်လျှောက်လုံး သူဘယ်တုန်းကမှ မသောက်ဖူးတာ

မင်းတို့အသိပါ အဲဒီမိန်းမသာ သူ့ကို မငြင်းခဲ့ရင် ခုလိုဖြစ်လာစရာ

အကြောင်းမရှိဘူး ... မင်းတို့ မကူညီဘူးဆိုလည်း ငါဘာမှမပြောဘူး ... ဒါပေမဲ့ မနှောင့်ယှက်နဲ့

တဖွတ်ထိုး ဆန်လွှန်းပြီး ညီအစ်ကိုလို ခင်ရတဲ့လူကို ဆုံးရှုံးလိုက်ရလို့

သွေးပူနေတယ် ဆိုပေမဲ့လည်း တစ်ဖက်က လူက ဘာမှ အပြစ်မရှိတဲ့လူလေ ဒါကို နားလည်အောင် ဘယ်လို ရှင်းပြလိုက်ရမှာလည်း ...

***

"ကျေးဇူးပါသမီးရယ် ... သမီးအခုလို ကူညီပေးနေလို့

အန်တီတို့ ဂေဟာက အခုလို ရပ်တည်နေနိုင်တာပါ"

"မလိုပါဘူး အန်တီရယ် ... လွှန်းလည်း တတ်နိုင်သမျှ ကူညီပေးတာပါ ... တကယ် ကျေးဇူးတင်ရမှာက အန်တီတို့ကိုပါ အန်တီတို့သာ ခုလို

မကူညီပေးဘူးဆို အခုချိန်ဆို အဲဒီကလေးတွေက လမ်းပေါ်မှာနေရမှာ'"

သူဝယ်လာတဲ့ အရုပ်ကလေးတွေနဲ့ ကစားနေတဲ့ ကလေးတစ်သိုက်

ကိုကြည့်ရင်း ပြုံးနေမိသည်။' မိဘမေတ္တာ'ဆိုတဲ့ ဂေဟာလေးကို

စပြီး တည်ထောင်ထဲက လူအားရော ငွေအားပါ ပါဝင်ကူညီခဲ့တာမို့

ဒီနေရာလေးက သူမအတွက် ဒုတိယ မိသားစုလိုပင်

"လွှန်း ... သမီးအားရင် ကလေးတွေနဲ့ ကစားလိုက်ပါလား ... သူတို့က သမီးကို မျှော်နေကျတာ"

"အားပါတယ် အန်တီရဲ့ ... ဆိုင်မှာက ထားတို့ ကျန်ခဲ့တယ်လေ တစ်နေကုန် နေပြီးမှ ပြန်မှာ ..."

"အဲဒီလိုသာဆို ကလေးတွေ အရမ်းပျော်နေမှာ လွှန်းရေ ... အန်တီဒီငွေတွေ သိမ်းလိုက်အုံးမယ် ခဏနော်"

"ဩော် ... အေးဆေးလုပ်ပါ အန်တီရယ် လွန်းလည်း ကလေးတွေဆီ သွားလိုက်အုံးမယ် ... "

"အေး ... အေးဆေးမှ ပြန်မယ်ဆိုတော့ အန်တီလည်း ဘုရားကန်တော့ပြီးမှ အဲဒီဘက်ကို လာခဲ့တော့မယ် ... အသက်ကလည်း ရလာပြီလေ ... "

"ဟုတ်အန်တီထား ... "

အန်တီထားကို ဂေဟာအတွက်လိုတဲ့ ငွေလေးပေးလိုက်ပြီး

ကလေးတွေဘက်ကို ထွက်လာခဲ့လိုက်တော့ သူမကို မြင်တယ်ဆိုတာနဲ့

ချက်ချင်း ပြေးလာတဲ့ ကလေးတွေ

"မေလွန်း ... "

"ရှင့်"

"သမီးတို့ကလေ မေလွန်းကို အရမ်းလွမ်းနေတာ ... မေလွန်းကရော သမီးတို့ကို မလွမ်းဘူးလား"

"လွမ်းတာပေါ့ ကလေးတို့ရဲ့ အဲဒါကြောင့်ပဲ အခုလာလည်တာလေ"

လွမ်းတယ်လို့ ပြောလိုက်တော့မှ မျက်နှာလေးတွေ ပြုံးသွားကျတဲ့

ကလေးတစ်သိုက်။

ဖြူစင်အေးချမ်းတဲ့ အပြုံးပိုင်ရှင်လေးတွေ ကြားထဲမှာမှ မြင်နေကျ

ကလေးတစ်ယောက် မပါခဲ့သည်မို့

"သိမ့်ငယ် ... ရွှေမှူးကရော"

"ရွှေမှူး ... အော်သူခုနက ဟိုဘက်မှာ ထိုင်နေတာ မြင်တယ် မေမေလွန်း"

"ဟုတ်လား ... သမီးတို့က ကစားနင့်ကျနော် မေလွန်းသူ့ကို

သွားခေါ်မယ် ... အဆင်ပြေတယ်မလား"

အဆင်ပြေသလား မေးလိုက်တော့ ဘေးက ကလေးတွေကိုပါ လှည့်ကြည့်လိုက်သေးသည်။ ခဏလောက်ကြာမှ

"ဟုတ် ရတယ်မေလွန်း ... ငယ်တို့စောင့်နေမယ်"

"အင်း ... မေလွန်းလိုက်ခဲ့မယ်"

အမြဲတမ်းလိုလို အားငယ်နေတတ်ပြီး တခြားလူတွေနဲ့ ခွဲထွက်ပြီး သီးခြားနေလေ့ ရှိတာက တစ်ချိန်တုန်းက သူမပုံရိပ်ကို ပြင်မြင်ယောင် လာစေတာမို့ ရွှေမှုံခြယ်ဆိုတဲ့ ကလေးမကို တခြားကလေးတွေ ထက်ပိုပြီး သံယောဇဉ် ဖြစ်နေမိသည်။

"ရွှေမှုံ ... သမီး"

"ဟင် ... မေလွန်း ... သမီးဆီကို လိုက်လာတယ် ဟုတ်လား"

"ဒါပေါ့သမီးရဲ့ ... လာမေလွန်းနဲ့လိုက်ခဲ့ သွားကစားမယ်လေ"

"မလိုက်ချင်ဘူးမေလွန်း ... သူတို့ကို ကြောက်တယ်"

"ဩော် သမီးရယ် ... သူငယ်ချင်းတွေက ခင်ဖို့ကောင်းပါတယ် သမီးက သူတို့နဲ့ မဆော့ဘဲ သီးခြားနေပေမဲ့ ... သူတို့က သမီးကို ခင်ပါတယ်"

"မေလွန်း ... ညာတယ်"

"ဟော့တော် မေလွန်းက သမီးကို ဘယ်တုန်းက ညာဖူးလည်း အခုလည်း သမီးကို သူတို့နဲ့အတူ ကစားဖို့ ခေါ်ခိုင်းလိုက်တာ"

"ဟင် ... တကယ်လား မေလွန်း"

"တကယ်ပေါ့ ... လိုက်မယ်မလား မေလွန်းနဲ့"

"ဟုတ် ... "

ပြုံးရွှင်သွားတဲ့ မျက်နှာလေးကပျော် သွားမှန်း သိသာလှစွာ

ထိုအဖြစ်အပျက်ကို ကြားလိုက်ရတဲ့ လူတစ်ယောက်ကတော့

"ဟက် ... ခင်များက ဒေါင်းယောင်ဆောင်ထားတဲ့ ကျီးပဲ အရမ်း စိတ်သဘောထား ကောင်းသလို ဟန်ဆောင်ပြနေတဲ့ ခင်များကို အရမ်းရွံ့တာ"

ဒီနေ့မှ မေမေက မိဘမဲ့ဂေဟာကို လာချင်တယ်ဆိုလို့ အဖော်လိုက်ခဲ့မိတာ

မေမေက ဂေဟာမှူးဆီ သွားပေမဲ့ သူကတော့ တိတ်ဆိတ်တဲ့နေရာမှာ တစ်ယောက်ထဲ လာထိုင်နေမိတာ

"ကလင် ..."

အတွေးတချို့က ဖုန်းမြည်သံကြောင့် ပြတ်တောက်သွား၏။

"ဟယ်လို ... သည်းလေး"

"ကိုကို ... ဟွန့်ဖုန်းကိုင်တာ ကြာတယ်နော် ... ဘာတွေ လုပ်နေတာလည်း ပြော"

"ဟား ကိုယ်အခု ဂေဟာမှာ ရောက်နေတာဗျ ... ကလေးတွေက ဆူနေတော့ ဖုန်းသံကို မကြားလိုက်တာလေ"

"အလျှောက်ကောင်းလို့ အထောင်း သက်သာတယ် မှတ်ပါ ... မဟုတ်ရင် တော့လား ရှင်ကြီး မလွယ်ဘူးနော်"

"ဟုတ်ပါပြီ ... ဒါနဲ့ သည်းလေး ကိုယ့်ကိုမလွမ်းဘူးလား"

"လွမ်းတာပေါ့ မေမေ နေမကောင်းလို့သာပေါ့ မဟုတ်ရင် ဘေဘီလည်း မြန်မာပြည်ကို လိုက်ခဲ့တယ်"

"နေကောင်းတဲ့အခါ လိုက်ခဲ့ပေါ့ ... ကိုယ်လည်း ဒီအပတ်ထဲ

အဖေ့ company မှာ အလုပ် စဆင်းရမယ် ... "

"ကောင်းတာပေါ့ ကိုကိုရဲ့ အလုပ်အကိုင် အတည်တကျ ဖြစ်သွားတော့ ခဏနေလောက်ကျမှ ပြန်ခေါ်လိုက်မယ်နော် ဘိုင့် ... ကိုကို"

"အင်းသည်းလေး ဘိုင့်"

ဖုန်းချသွားပြီ ဆိုတာနဲ့ ကလေးတွေနဲ့ ဆော့နေတဲ့ မိုးမခလွန်း

ရှိရာကို ထွက်လာခဲ့လိုက်သည်။

"ဟား ဒီတစ်ခါမေလွန်းအလှည့် ... သမီးတို့ကို မေလွန်းလိုက်ဖမ်း"

"သဘောပါရှင့် ... အဝေးကြီးတော့ မပြေးရဘူးနော် မဟုတ်ရင် မဖမ်းမိဘဲနေမယ် ... ဟီး"

ကလေးတွေနဲ့ ဆော့ကစားနေတဲ့ပုံက ဖြူစင်ပါတယ်

ပြုံးလိုက်တော့ သွားတတ်ကလေးနဲ့ ပါးချိုင့်လေးက ပေါ်တာလာမို့

သူခဏတော့ ငေးမိသွားတယ်

"မထား ... အဲဒါ ဘယ်သူလေးလည်း"

"အော် ... သူလေးက ဒီဂေဟာ စတည်ထောင်ထဲက အခုချိန်ထိ

ကူညီလာတာလေ မိသားစုဝင်လို ဖြစ်နေပြီ"

"သူ့ကိုကြည့်ရတာ အေးချမ်းလိုက်တာနော် ... ခင်ထားလိုချင်တဲ့ မြန်မာဆန်ဆန် အိန္ဒြေရရလေး"

"ဒါပေါ့ ... လူကြီးသူမကိုလည်း သိတတ်တယ်လေ"

"မထား ... အဲဒီကလေးမလေးနဲ့ ခင်ထားကို မိတ်ဆက်ပေးပါလား"

"ရတာပေါ့ ... ခဏနေ သူဒီကိုလာရင် မိတ်ဆက်ပေးမယ်"

"အင်းပါမထားရယ် ... ဒါနဲ့သူ့အကြောင်းလေး ပြောပြပါအုံး"

"သူက မိဘတွေ မရှိတော့ဘူး ခင်ထားရဲ့ ... "

စသဖြင့် အစချီပြီး ပြောပြလိုက်တဲ့

မိုးမလွန်းဆိုတဲ့ မိန်းကလေးရဲ့ အကြောင်းကို သိရတော့

ချွေးမတော်ချင်လွန်းတဲ့ စိတ်ကြောင့် နေမသိထိုင်မသာ ဖြစ်နေတဲ့

စိတ်က တားမရ ဆီးမရ

"မေလွန်း ... သမီးတို့က ဒီဘက်မှာ ...

ဟေးဒီဘက်မှာ ... ဒီဘက်မှာမေလွန်း ... "

မျက်လုံးကို အဝတ်စနဲ့ စည်းပြီး ဘေးက ကလေးတစ်စုကို

လိုက်ဖမ်းနေတာမို့ ရှေ့က ကျောက်တုံးကို မမြင်ရတာတော့

ခြေချော်ပြီး တတ်နင်းလိုက်မိတာမို့ မြေကြီးပေါ် ပစ်စလက်ခက်

ကျပြီလို့ ထင်ထားခဲ့ပေမဲ့ ထင်ထားတာနဲ့ တခြားဆီ ဖြစ်သွားသည်

"ဟင် ... မေလွန်း ... "

သူက ချော်လဲတော့မှာပေါ့ ဖမ်းဆွဲထားလိုက်ပေမဲ့ အရှိန်မထိန်းနိုင်ပဲ

နှစ်ယောက်လုံး လဲကျသွားတယ်

အိစက်စက် အထိအတွေ့ကြောင့် မျက်လုံးက အဝတ်စကိုဖယ်ပြီး

ကြည့်လိုက်တော့ သူမကို ဖမ်းဆွဲလိုက်လို့ ထင်တယ်သူပါ လဲကျနေတဲ့ လူကိုမြင်လိုက်ရလို့ အမြန်ထလိုက်တယ်

"ဟို ... ရရဲ့လား ... တောင်းပန်ပါတယ် လွန်းကြောင့် မင်းအခုလို ဖြစ်ရတာ"

"မမ ... ကျနော်တို့ အရင်တစ်ခေါက်ဆုံတုန်းက နာမည် ပြောပြဖူးပါတယ်"

"ဟင် … လွန်းတို့ ဆုံဘူးတာလား"

သူမမေးလိုက်တဲ့ မေးခွန်းကြောင့် လက်တစ်ဖက်က ခါးကိုထောက်ကာ

မျက်မှောင်ကြီးကြုတ်ပြီး ကြည့်နေတဲ့ လူကို သေချာပြန်ကြည့်တော့မှ

"အော် … မင်းကို ဘာတဲ့နာမည်က"

"နောက်တစ်ခေါက် မပြောဘူး သေချာမှတ်ထား သက္ကရာဇ်စျာန်

အဲဒါ ကျနော့်နာမည်"

"အင်း … မိုးမခလွန်းပါ"

"သိပြီးသားပါ မမရယ်"

"ဟင် … ဘယ်လိုသိ … "

"မမလွန်း … အန်တီထား ခေါ်နေတယ်"

"ဪ … အင်းအခုပဲ လာခဲ့မယ်နော်"

မေးဖို့ ပြင်လိုက်ပေမဲ့ ခေါ်နေတာမို့ ပြန်ဖြေလိုက်ရသည်။

"ဟင် … ဘယ်ရောက်သွားတာလည်း"

လှဲကြည့်လိုက်တော့ ချက်ချင်း မရှိတော့ မြန်လိုက်တဲ့လူ

***

"ပန်းစည်းရချင်လို့ … "

"ဟုတ် … ဘယ်လို အရွယ်အစား … "

"ဟင် … မင်းသက္ကရာဇ်စျာန်"

ညှော့်သည် အထင်နဲ့ မေးလိုက်ပေမဲ့ ဟိုတစ်နေ့က လူဖြစ်နေတာမို့

"မင်းက ဒီကို ဘာလာလုပ်တာလည်း"

"အရမ်းချစ်ရတဲ့ လူအတွက် လက်ဆောင်ပေးဖို့ပါ နှင်းဆီပန်း အစစ်ပဲ

လိုချင်တယ်"

"အဲဒါဆို ခဏစောင့်ပါ ... "

"ရပါတယ် ... စောင့်ဆိုလည်း စောင့်ရမှာပေ့ါ"

မကြည့်ပေမဲ့လည်း မြင်နေရတယ် ဒီကောင်လေး သူ့ကို စိုက်ကြည့်နေတာကို

"ရပြီမမ. ... "

ပန်းစည်းကို လှမ်းပေးလိုက်တော့ ဘယ်လိုမှ ထင်မထားတဲ့ အပြုအမူကြောင့် အကုန်လုံး အံ့သြသွားရသည်။

"love you မမ"

"ဟင် ... "

"ယူလေဗျာ ... ဒါကျနော် ချစ်ရတဲ့ လူကိုပေးတာ"

"မင်းလွန်းကို လာနောက်နေတာလား သက္ကရာဇ်စျာန်"

"နောက်တယ်လို့ ဘာလို့ထင်တာလည်းမမ ကျနော် မမကိုချစ်တယ် အဲဒီအတွက် ခုလို ချစ်ခွင့်ပန်တယ်"

"မင်းပေးတဲ့ ပန်းကို ငြင်းပါရစေ ... "

"အဲဒီလိုလား ... ရပါတယ် ဒီပန်းစည်းလေးက မမပေးဖို့ ရည်စူးပြီး ဝယ်တာလေ ... လက်ခံမဲ့ သူမရှိတာကတော့ သူ့ကံပေ့ါ"

"ခွင့်ပြုပါအုံးမမ ... "

ခေါင်းငိုက်စိုက်နဲ့ ထွက်သွားပြီဖြစ်တဲ့ လူရဲ့ကျောပြင်ကို ငေးကြည့်နေမိသည်။

***